# မြန်မာနိုင်ငံသို့ဝင်ရောက်ရန် လူမှုရေးဗီဇာ(Social Visa) လျှောက်ထားသူများ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ

၁။ ကိုယ်ရေးလျှောက်လွှာ (“သံအမတ်ကြီး၊ မြန်မာသံရုံး၊ အော်တာဝါမြို့” သို့ လိပ်မူ၍ မြန်မာနိုင်ငံရှိ မိဘ/ ဆွေမျိုး/ ညီကိုမောင်နှမများထံသို့ သွားရောက်လိုကြောင်း အကျိုးအကြောင်း ပြည့်စုံစွာ ဖော်ပြ၍ ကနေဒါနိုင်ငံသားခံယူသည့် နေ့ရက်နှင့် ရောက်ရှိသည့် နေ့ရက်ထည့်သွင်းဖော်ပြရန်)

၂။ လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်ပုံစံ (Bio Data)

၃။ ဗီဇာပုံစံ (Social visa Form)

၄။ ကနေဒါ နိုင်ငံကူးလက်မှတ်မိတ္တူ / ယခင်မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ(ရှိလျှင်)

၅။ တည်ဆဲဥပဒေများလိုက်နာ၍ ကောင်းမွန်စွာနေထိုင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်

၆။ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ဖူးပါက အဆိုပါ ဝင်ရောက်ခဲ့သည့် ဗီဇာ စာမျက်နှာမိတ္တူများ

၇။ ကျန်းမာရေးကိစ္စဖြင့် မြန်မာနိုင်ငံရှိ မိဘ/ ဆွေမျိုးအရင်းအခြာများ တွေ့ဆုံရန်ပြန်လိုပါက - ကျန်းမာရေးထောက်ခံစာ(ဆရာဝန်)/ ဆေးကုသမှုမှတ်တမ်း (သို့မဟုတ်) ဆေးရုံးတက်ကြောင်းလက်မှတ်

၈။ နာရေးကိစ္စဖြင့် မြန်မာနိုင်ငံရှိ မိဘ/ ဆွေမျိုးအရင်းအခြာများ တွေ့ဆုံရန်ပြန်လိုပါက - သုသာန်ထောက်ခံစာ (သို့မဟုတ်) သေဆုံးမှုလက်မှတ်

၉။ လူမှုရေးကိစ္စဖြင့် မြန်မာနိုင်ငံရှိ မိဘ/ ဆွေမျိုးအရင်းအခြာများ တွေ့ဆုံရန်ပြန်လိုပါက - ဖိတ်ခေါ်စာ၊ ဖိတ်ကြားသူ၏ အိမ်ထောင်စုစာရင်း၊ ဖိတ်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆွေမျိုးတော်စပ်ပုံ

============================

# လျှောက်လွှာနမူနာပေးခြင်းဖြစ်ပါသည်။

သို့

သံအမတ်ကြီး
မြန်မာသံရုံး
အော်တာဝါမြို့

ရက်စွဲ၊ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၀၀ ရက်

အကြောင်းအရာ။ လူမှုရေး ဗီဇာ လျှောက်ထားလိုကြောင်း တင်ပြခြင်း

ခင်ဗျား ၊

၁။ ကျွန်တော် ဦးမောင်မောင်သည် မြန်မာနိုင်ငံကူးလက်မှတ် အမှတ်၊ ၀၀၀၀၀၀ ဖြင့် ကနေဒါနိုင်ငံသို့ ၀၀-၀၀-၂၀၂၀ ရက်နေ့တွင် ရောက်ရှိခဲ့ပြီး၊ ၀၀-၀၀-၂၀၂၁ ရက်နေ့တွင် ကနေဒါနိုင်ငံသားခံယူခဲ့သူဖြစ်ပါသည်။ ယခု ကနေဒါနိုင်ငံကူးလက်မှတ် အမှတ်သည် HM000000 ဖြစ်ပါသည်။ မိဘများရှိရာ မြန်မာနိုင်ငံသို့ မပြန်သည်မှာကြာခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံရှိ မိဘများဖြစ်သော ဦးဘမော် နှင့် ဒေါ်တင်တင် တို့မှာ အသက် အရွယ်ကြီးကြပြီးဖြစ်ရာ သွားရောက်တွေ့ဆုံ ကန်တော့လိုပါသဖြင့် မြန်မာနိုင်ငံ သို့သွားရောက်လိုပါသည်။ ကျွန်တော်သည် မိဘများထံ ၁၉၁၆ ခုနှစ်၊ ၁၉၁၈ ခုနှစ်များတွင် ဆိုရှယ်ဗီဇာဖြင့် ပြန်ခဲ့ဘူးသူဖြစ်ပါသည်။ (ဆိုရှယ်ဗီဇာမိတ္တူ အဟောင်းတွဲ ပေးရန် ၊ ပြန်ခဲ့ဘူးသူများအတွက်သာ)

၂။ ကျွန်တော်၏ မိဘများသည့် အမှတ်၊ ၀၀ ၊ လမ်း (၀၀ )၊ (၀၀) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။

လေးစားစွာဖြင့်

( မောင်မောင် )
HM000000
တိုရန်တိုမြို့၊ ကနေဒါနိုင်ငံ

## ကိုယ် တိုင် ဝန် ခံ လ က် မှတ် ရေး ထိုး ခြင်း ( နမူနာ ပေးခြင်း )

ကျွန်တော် မောင်မောင် ၊ ကနေဒါနိုင်ငံကူးလက်မှတ်၊ HM000000 ကိုင်ဆောင်သူသည် မြန်မာနိုင်ငံ ၊ ရန်ကုန်မြို့ ရှိ မိဘများဖြစ်သော ဦးဘမော် နှင့် ဒေါ်တင်တင် တို့အား သွားရောက်ကန်တော့ရန် ရောက်ရှိနေစဉ်အတွင်း တည်ဆဲ ဥပဒေများ လေးစားလိုက်နာလျက်ကောင်းမွန်စွာ နေထိုင်၍ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်သည့် လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်မည်မဟုတ်ပါကြောင်း ကိုယ်တိုင် ဝန်ခံ ကတိပြု လက်မှတ်ရေးထိုးပါသည်။

( မောင်မောင် )

HM000000

တိုရန်တိုမြို့၊ ကနေဒါနိုင်ငံ

ရက်စွဲ၊ ၂၀၁၀ ခုနှစ်၊ မတ်လ ရက်

မှတ် ချက် ။ လက်ရေးမှု သို့မဟုတ် ကွန်ပျူတာစာလုံးများဖြင့် ပြန်လည်ကူးယူ အသုံးပြုရန် ဖြစ်ပါသည်။